

ချင်းဝတ္ထုသစ်
ရင်မြွတ်နိုး
အချစ်နိုဒါန်း

# အခန်း (၁)

မမကြီး အိမ်ထောင်ပြုတော့မယ်တဲ့ ။

အသိပေးစကားကြောင့် မျက်နှာလေးညှိုးကာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အမေ။ ဘွဲ့ရပညာတတ် သမီးကြီးကို ဂုဏ်ယူလို့ မဆုံး ရှိနေတဲ့ အမေ့အတွက်တော့ ဒီသတင်းက ဆိုးဝါးနေမယ်မှန်း နှင်းခါးခါးတစ်ယောက် မြင်တွေ့နေရတဲ့ မြင်ကွင်းလေးကိုကြည့်ပြီး ရင်ထဲတစစ်စစ်နာကျင်ကာလာရသည် ။

မင်္ဂလာကိစ္စကိုပြောနေတဲ့ သမီးကြီး မြူခါးခါးမျက်နှာမှာ တော့ ကျေနပ်ပီတိတွေ ဝေဝေဖြာလို့ လေ။ အမေကတော့ တိတ်တဆိတ်လေး ကြေကွဲဆို့နင့်ကာ ခေါင်းလေးငုံ့စိုက်ကျနေလေရဲ့ ။ အားငယ်နေတယ်ထင်ပါရဲ့ လေ။ မမကြီးနဲ့ ပတ်သက်ပြီး အမေက အများကြီး မျှော်မှန်းထားခဲ့တာကို။

"မင်္ဂလာဆောင် အခမ်းအနားအတွက် သူတို့ ဘက်ကပဲ အားလုံးတာဝန်ယူလိမ့်မယ် အမေ၊ သမီးတို့ ဘက်က မတတ်နိုင်ဘူးဆိုတာ ကိုနိုင်တို့ မိဘတွေကလည်း သိနေတယ်လေ၊ ဒါကြောင့် ဘာမှ ကို မတောင်းဆိုပါဘူး"

"တောင်းဆိုစရာလည်း မလိုဘူးလေ မမကြီး၊ အမေက သမီးရှင်ပဲဟာ ၊ မင်္ဂလာကိစ္စဆိုတာ သားရှင်ဘက်က လုပ်ပေးရတာ ဝတ္တရားတစ်ခုပဲ၊ နားလည်မှုရှိတဲ့ လူတိုင်း ဒါကိုသိကြတယ်၊ အထူးတလည် ကျေးဇူး

တင်နေစရာတော့ မဟုတ်ပါဘူး"

နှင်းခါးခါးတစ်ယောက် အမေ့ဘက်က မခံနိုင်စွာပင် အမြင်ကတ်ကတ်နှင့် ပြောမိသည် ။

သူမစကားကြောင့် မမကြီး မြူခါးခါးရဲ့ မျက်နှာက ကွက်ခနဲ ပျက်သွား၏။

"ဒါတော့ဒါပေါ့ဟဲ့ .... အခုခေတ်မှာ မင်္ဂလာအခမ်းအနား လုပ်တယ်ဆိုတာ စိုက်ထုတ်ရတဲ့ ငွေက နည်းတာ မဟုတ်ဘူး ၊ တချို့သမီးရှင်တွေဆို တစ်ဝက်အချိုးကျ စိုက်ထုတ်ပေးကြတာချည်းပဲလေ၊ ဒါပေမဲ့ ကိုနိုင်တို့ မိဘတွေက ငါ့ကို စာနာသနားပြီး ဘာမှ မပြောကြတာ"

မမကြီးကို စာနာသနားလို့ တဲ့ ။

ဟွန်း ..... အကြောင်းမသိရင်ခက်မယ်။ သူတို့ ဂုဏ်အရှိန်အဝါကို ထိန်းတဲ့ သဘောနဲ့ မကောင်းတတ်လို့ စီစဉ်ကြတာများ ။ ကိုနိုင်က မမကြီး မြူခါးခါးကို လိုချင်နေတာလေ။ မမကြီး အထင်ကြီးကြောက်ရွံ့နေရတဲ့ ယောက္ခမက သိက္ခာရှိရှိနဲ့ ချွေးမအတင်းကို တစ်ရပ်ကွက်လုံးပြောပြီး ဖွနေတာ ကြားတောင်မကြားချင်စရာပါ။ ဆင်းရဲလိုက်တာမှ လွန်ရောတဲ့ ။ သားက ဇွတ်အတင်းတောင်းဆိုနေလို့ သာ သူတို့ ဆန္ဒအရဆို ဒီလိုအတန်းအစားမျိုး စိတ်ကူးထဲတောင် မရှိဘူးတဲ့ ။ သူတို့ သဘောတူထားတဲ့ ကောင်မလေး ရှိနေတဲ့ ကြားကနေ သားကို ရအောင် အပိုင်ဖမ်းသွားတာ ဆိုတဲ့ သတင်းစကားတွေက ကျောင်းမှာ ပွထလို့ ။

ရပ်ကွက်ထဲမှာ သာ ကံကောင်းထောက်မသူကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားနေတာ နှင်းခါးခါးနေတဲ့ ကျောင်းမှာ တော့ အစ်မဖြစ်သူ မြူခါးခါးရဲ့ သတင်းဆိုးကြီးက သူငယ်ချင်းတွေ ပါးစပ်ဖျား ရေပန်းစားနေတာများ စိတ်ပျက်စရာပါ။ စပ်စပ်စုစုနဲ့ ဟုတ်သလား လာမေးသူ

တွေပင် ရှိသေးသည် ။

နှင်းခါးခါး ဘယ်လိုမှ ကို မခံစားနိုင်ခဲ့။ အဓိက နှင်းခါးခါးရဲ့ အမေကို နှိမ့်ချစော်ကားတဲ့ ကိုနိုင်မိဘတွေရဲ့ စကားလုံးတွေပဲ။ သမီးကိုဗန်းပြပြီး သူဌေးသားကို အပိုင်ချိုင်ကြတာတဲ့ လေ။

ဒါကို မမကြီးမြူခါးခါးက ဘယ်လိုခံယူနေသလဲတော့ မသိ။ နှင်းခါးခါးကတော့ ဒေါသတွေ ထွက်လွန်းလို့ အိမ်ရှေ့ပေါက်တည့်တည့် ရန်သွားတွေ့ဖို့ ပင် စဉ်းစားမိသည် ။ အမေ့မျက်နှာကြောင့်သာ နှင်းခါးခါးရဲ့ စိတ်တွေကို လျှော့ထားရတာပါ။

အမေက သူ့သမီးကြီးကိုသာ ယောကျ်ားယူလို့ နှမြောနေတာ သူဌေးသားကို ရအောင်ယူသွားပြီး ရပ်ကွက်ထဲကနေ ဂုဏ်ရှိရှိ ခေါင်းမော့ရင် ကော့သွားနိုင်လို့ ကြိတ်ပြီး ဝမ်းမြောက်ဂုဏ်ယူနေလေရဲ့ ။

အမေမှ မသိတာ ။ မြူခါးခါးရဲ့ တကယ့်လက်တွေ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခကိုမှ အမေမသိတာ။ သိပ်ပြီးဟန်ဆောင်ကောင်းလွန်းတဲ့ သမီးကြီးရဲ့ တစ်ဖက်သတ်စကားလေးတွေနဲ့ ပဲ ကျေးဇူးတွေ လိုမ့်ကာတင်နေသည် ။

"နင်ဝင်ပြောတာနဲ့ ပြောရမယ့်စကားတောင် မေ့သွားတယ်၊ အမေ အမေ့ကို သမီးပြောစရာရှိလို့ "

"ဩော် .... အေး ပြောလေ သမီးကြီး"

"သမီးကို ရွှေနှစ်ကျပ်သားလောက် ဝယ်ပေးပါလား အမေ"

ဟင်။ အမေ့မျက်လုံးတွေ ဆတ်ခနဲပြူးသွား၏။

နှင်းခါးခါးလည်း အကြောင်းသိသိကြီးနဲ့ တောင်းဆိုဝံ့တဲ့ အစ်မဖြစ်သူ မြူခါးခါးကို အံ့ဩစွာ ပါးစပ်လေး အဟောင်းသားနှင့် ကြည့်မိသွား

သည် ။

"ကိုနိုင်တို့ ဘက်က လုံးဝတာဝန်ယူပေမယ့် အသိုင်းအဝိုင်းထဲ ဝင်ထွက်သွားလာနေရတဲ့ သမီးမှာ ဆွဲကြိုးလေးတစ်ကုံးနဲ့ ဟမ်းချိန်းလေးတစ်ခုတော့ ရှိသင့်တယ်လို့ ထင်တယ်၊ သူတို့ ဘက်က လက်ဝတ်လက်စားတွေ ဝတ်ထားကြတဲ့ သူတွေချည်းပဲဆိုတော့ သမီး စိတ်အားငယ်လို့ "

"ကိုယ်မတတ်နိုင်လို့ မဝတ်တာဘဲ မမမြူခါးခါးရယ်၊ ဘာစိတ်အားငယ်စရာလိုလဲ၊ သူဌေးချေးမဖြစ်ပြီပဲဟာ သူတို့ အမြင်မသင့်ဘူးထင်လာရင် ဆင်ပေးမှာ ပေါ့"

"သမီးငယ် တိတ်စမ်း"

အမေ့တားဆီးသံ မာဆတ်ဆတ်ကြောင့် နှင်းခါးခါးအသံလေး တိခနဲ ပိတ်ကျသွားရ၏။ အမေ့ မျက်ဝန်းတွေက မမကြီးမြူခါးခါးထံတွင် သာ။

"သမီးကြီးပြောတာလည်း မှန်တာပဲ၊ မောင်နိုင်တို့ အသိုင်းအဝိုင်းက ငွေကြေးပြည့်စုံကြတဲ့ သူတွေချည်းပဲလေ၊ ဘာပဲပြောပြော အမေ့သမီးကြီးမှာ လက်ဝတ်လက်စား အနည်းအကျဉ်းတော့ ဝတ်ထားနိုင်မှ သင့်တော်မှာ ပေါ့"

"ဟုတ်တယ် အမေ ၊ သမီး အဲဒါကိုပဲပြောချင်တာ၊ သမီးတို့ မင်္ဂလာဆောင်ပြီးရင် ဘာပဲပြောပြော လက်ဖွဲ့ငွေကတော့ သိန်းဆယ်ဂဏန်းအထက်မှာ ပဲ ရမှာ သေချာတယ်အမေ၊ သူ့အမေတွေက ပေးမယ်လို့ ပြောထားတယ် အမေ၊ အဲဒီအခါကျရင် သမီးယောက်ျားကို ပြောပြပြီး ဝယ်ပေးလိုက်တဲ့ လက်ဝတ်လက်စားဖိုး ပြန်ဆပ်ပါ့မယ်အမေ၊ သမီးတို့ လင်မယားက ယောက္ခမအိမ်မှာ နေတာဆိုတော့ စားစရိတ်မှ မကုန်တာ"

သူ့သမီးကြီးစကားကို သေချာစူးစိုက်နားထောင်ပြီး အမေခပ်တွေ

တွေလေး စဉ်းစားနေ၏။

နှင်းခါးခါးရင်တွေ တဆတ်ဆတ် အခုန်မြန်နေရပြီ။

တစ်နေ့တစ်နေ့ အိမ်စားစရိတ်အတွက် ဆီပူအိုးကြီးရှေ့ ဖင်ထိုင်ခုံပုလေးပေါ် ဆောင့်ကြောင့်ထိုင်ပြီး အကြော်ကြော်နေရတဲ့ အမေ။ မမကြီးရဲ့ ပညာရေး၊ နှင်းခါးခါးရဲ့ ပညာရေးအတွက် ဘယ်လောက်တောင် တာဝန်တွေပိပြီး ရုန်းကန်လှုပ်ရှားနေခဲ့ရသလဲ။

အမေနဲ့ အနေသိပ်မနီးတဲ့ မမကြီးက အကြောင်းမသိပေမယ့် နေ့ပြန်ကြွေးရှင်တွေရော၊ လတိုးမပေးလို့ ဆိုင်ရှေ့တကျီကျီလာတောင်းနေတဲ့ ကြွေးရှင်တွေကို ခြေသလုံးဖက်မတတ် တောင်းပန်ကာ ပြန်လွှတ်နေရတဲ့ အမေ ရင်ဆိုင်နေရတဲ့ ဒုက္ခတွေကို အတွင်းသိ၊ အစင်းသိဖြစ်နေတဲ့ နှင်းခါးခါးကတော့ ရွှေနှစ်ကျပ်သားဆိုတဲ့ စကားကြောင့် သွေးပျက်မတတ်ပင် ခံစားလိုက်ရပါသည် ။

နှင်းခါးခါး ပိုပြီးရှူးချင်သွားတာက အမေ့ရဲ့ တီးတိုးစကားကြောင့်ပါပဲ။

သမီးကြီးရဲ့ တောင်းဆိုချက်ကို အလွန်မဟုတ်ဘူး အမေက သတ်မှတ်နေသည် လေ။

ဒါဟာ အရမ်းကို စိုးရိမ်စရာပဲ မဟုတ်ပါလား။

အမေ့အတွက် တာဝန်ဘယ်လောက်လေးလိမ့်မလဲ။

အခြေအနေကို သိသိကြီးနဲ့ အားမနာစတမ်း လာတောင်းဆိုတဲ့ မမကြီးမြူခါးခါးကို သူမ စိတ်ပျက်စွာပင် ကြည့်လိုက်မိသည် ။

"အမေ"

"အေးပါ ...... သမီးကြီးရယ်၊ အမေ့ကို အချိန်လေးနည်းနည်းလော က်တော့ ပေးပါဦး၊ အမေကြည့်ပြီး စီစဉ်ပေးပါ့မယ်အေ၊ မင်္ဂလာဆောင်ဖို့ ရက်ကလည်း လိုသေးတာပဲဟာ"

"လိုတယ်ဆိုပေမယ့် ကိုနိုင်က သူ့အမျိုးတွေ ၊ မိတ်ဆွေ သူငယ်ချင်း အိမ်တွေကို ရင်းနှီးအောင်ဆိုပြီး ခေါ်ခေါ်သွားတတ်တာဆိုတော့ သမီးမျက်နှာပူလို့ ပါ"

"အမေ နည်းနည်းအကူအညီတောင်းကြည့်ပါဦးမယ် မြူခါးခါးရယ်"

အမေနဲ့ မမကြီးအနားကနေ ဆတ်ခနဲထကာ ထွက်ခဲ့လိုက်သူက နှင်းခါးခါးရယ်ပါ။

သူ့သမီးကြီးရဲ့ ဆန္ဒကို ဘယ်လိုဖြည့်ဆည်းပေးရမလဲပဲ အမေက စဉ်းစားနေတယ်မဟုတ်လား။ ဝမရှိဘဲ ဝိလုပ်ချင်နေတဲ့ အမေ့သဘောထားကိုလည်း သူမ မနှစ်သက်မိပြန်ပါ။

ရွှေဈေးက ဒီလောက်ကြီးတာ။ နှစ်ကျပ်သားဆိုရင်ပဲ ဆယ်သိန်းအထက်မှာ ရှိသည် ။ အကြွေးတွေနဲ့ ပင် လည်ပင်းအစ်ချင်နေတဲ့ အမေက ဒီငွေကို ဘယ်ကနေ ကြံဖန်ရှာဖွေ ချေးငှားပေးဦးမလို့ လဲ။

ပြီးတော့ ပြန်ဆပ်ပါ့မယ်ဆိုတဲ့ မမမြူခါးခါးရဲ့ စကား။ အိမ်ထောင်နဲ့ ခွဲသွားတဲ့ လူတစ်ယောက်ဆီက ပြန်ကျလာဖို့ ဆိုတာ အင်မတန်မှ ပင် အခွင့်အရေးနည်းပါးလွန်းပါသည် ။

ဒါကို စိတ်ချယုံကြည်ပြီး လုပ်ပေးဖို့ ဆိုတာ အတော်ကလေး စဉ်းစားဆင်ခြင်သင့်တယ်မဟုတ်ပါလား။ အမေက မတွက်တတ်တာတော့ မဟုတ်နိုင်ပါ။ သမီးကြီးရဲ့ အနာဂတ်ဆိုတဲ့ အတွေးတစ်ခုတည်းနှင့်ပင် အသိတရားတွေအားလုံးကို စွန့်ပစ်ထားလိုက်ခြင်းပဲ ဖြစ်နိုင်ပါသည် ။

အမေရယ်။ နှင်းခါးခါး သနားလိုက်တာ။ အလိုက်ကန်းဆိုးမသိတဲ့ သားသမီးတွေကို မွေးမိလို့ အရမ်းကိုပဲ နောင်တရနေမှာ ပဲနော်။

"မေမေ"

"မေမေ"

ဟော ခြံရှေ့ကခေါ်သံကျယ်ကြီး။ ဒါအစ်ကိုကြီးနေခါးခါးရဲ့ အသံ။ အမေ့အတွက် နောက်ထပ်သောကမီးတစ်စပေါ့။

အတန်းပညာလည်း တတ်အောင်မသင်။ ကျန်းမာရေးကျတော့လည်း တရှောင်ရှောင်နဲ့ အလုပ်လည်း ဘာမှ ခိုင်းလို့ မရ။ တစ်နေ့တစ်နေ့ မိဘဆီက ပိုက်ဆံလက်ဖြန့်တောင်းပြီး သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ သာ အလေရိုက်နေတဲ့ သူ။

"အမေ"

ခေါ်သံနဲ့ အတူ အိမ်ပေါ်တက်လာတဲ့ အစ်ကိုကြီး နေခါးခါးကြောင့် မမကြီးနဲ့ အမေတို့ စကားစပြတ်သွားတယ်ထင်ပါရဲ့ မမကြီးမြူခါးခါးတစ်ယောက် သုန်မှုန်သောမျက်နှာလေးနဲ့ အခန်းထဲဝင်လာတာ တွေ့လိုက်ရသည် ။

နှင်းခါးခါး အသံလေးတိတ်ပေမယ့် မျက်ဝန်းတွေကတော့ လိုက်ကြည့် ဖြစ်၏။ မမကြီးမျက်နှာက တင်းမာနေတာပဲလေ။ သူမကိုလည်း လုံးဝမကြည့်ပါဘူး။

ဟူး ... စိတ်ပျက်တယ်။ အားလုံးကို စိတ်ပျက်တယ်။ ပြီးတော့ အမေ ။ အမေ့ကို နှင်းခါးခါး သိပ်သနားတာပဲ။

*

## အခန်း (၂)

"ရတယ်လေ ... ဒေါ်နှင်းသက်မှုန်၊ တစ်ရပ်ကွက်တည်းသားချင်းတွေဆိုတော့လည်း အခုလိုအရေးပေါ် ကိစ္စရှိလာရင် အကူအညီပေးရမှာပေါ့၊ ဒါနဲ့ ရှင့်သမီးယူတာက သူဌေးသားလေးဆို"

"ဟုတ်တယ် မစိမ်းရဲ့ ၊ ကောင်လေးရဲ့ အသိုင်းအဝိုင်းတွေက ခေတ်ပညာတတ် သူဌေးတွေချည်းပဲဆိုတော့ သမီးလေး မျက်နှာငယ်နေမှာ စိုးလို့ ရွှေလေးနည်းနည်းဆင်ပေးမလို့ ပါ"

"အင်းပေါ့ .... ဒါမှ လည်း တင့်တယ်မှာ ပေါ့၊ ဒေါ်နှင်းသက်မှုန်နဲ့ အရင်အကြွေးတွေ ရှိနေတယ်ဆိုပေမယ့် ကျွန်မကတော့ လူမှုရေးအရဆိုတာကို ရှေ့တန်းတင်ပြီး သားသမီးချင်း ကိုယ်ချင်းစာတဲ့ စိတ်နဲ့ အဆင်ပြေပြေလေး ဖြစ်သွားပါစေဆိုပြီး ကူညီဖို့ ဆုံးဖြတ်လိုက်တာ၊ သူဌေးသားနဲ့ ရပြီး သူဌေးချွေးမဖြစ်လို့ ကောင်းစားရင် ဒေါ်နှင်းသင်မှုန်လည်း အခုဘဝက လွတ်မြောက်ပြီလေ၊ ဆီပူအိုးရှေ့ ထိုင်စရာမလိုတော့ဘူးပေါ့ရှင်၊ ဟင်း .....ဟင်း"

"ဟုတ်တယ် မစိမ်း၊ သမီးကြီးက အရမ်းသိတတ်တာပါ၊ မအေရဲ့ အခက်အခဲကို သူသိတယ်လေ၊ ဒါကြောင့် လက်ဖွဲ့ငွေလက်ထဲရောက်တာနဲ့ အမေအိမ်ကိုပြေး လာပြီး အခုဆင်ပေးလိုက်တဲ့ ရွှေဖိုးတွေ ပြန်လာဆပ်မယ်တဲ့ ၊ ပြီးတော့ သူ့ယောက်ျားနိုင်သတ္တိအမေရဲ့ ကုမ္ပဏီမှာ လည်း အလုပ်ဝင်မယ်လို့ ပြောတယ်၊ လခထဲက တစ်လတစ်သိန်း အမေ့အကြွေး

တွေ ဖွဲ့ဖွဲ့ဆပ်ပေးဦးမှာ လို့ အားပေးသွားတယ် မစိမ်းရယ်"

"တော်လိုက်တာ ဒေါ်နှင်းသက်မှုန်ရယ်၊ ဒီလိုအလိုက်သိတဲ့ သမီးကြီး မျိုး ရှင်ရထားတာ ကံကောင်းတာပဲ"

အမေနဲ့ ငွေတိုးချေးစားတဲ့ ဒေါ်ကြီးစိမ်းတို့ ပြောနေသော စကားတွေကို နားထောင်ပြီး ကြားကနေ အသည်းတွေ ကျလိကျလိ ယားနေရတာက နှင်းခါးခါးရယ်ပါ။

သိနေတယ်လေ။ ရှေ့ဖြစ်လာမယ့် အကြောင်းအရာတွေကို စိတ်မှာ အလိုလိုသိနေပြီးသားဆိုတော့ အခုစကားတွေ ရင်ထဲဘယ်လိုမှ ကို ခံစားလို့ မရချေ။ အမေက အဖော်သာလိုက်လာခိုင်းတာ ဘာစကားမှ ကြားဝင်မပြောဖို့ တော့ အထပ်ထပ်အခါခါကိုပဲ သတိပေးနေခဲ့သည် ။

အမေလှည့်ပတ်ချေးနေတာ ငွေရှင်ကြေးရှင်တွေ အိမ်ပေါက်စေ့ပါပဲ။ ဘယ်ကမှ မရခဲ့ပေ။ အရင်အကြွေးတွေပြန်ဆပ်ဖို့ ချည်းပဲ သတိပေးခံရတာကလွဲပြီး လက်မှိုင်ချ ပြန်ထွက်ခဲ့ရသည် ချည်းပင်။

ဒေါ်စိမ်းက အမေ့အတွက် နောက်ဆုံးသော မျှော်လင့်ချက်လေးတစ်ခုသာ ဖြစ်သည် ။

ကံကောင်းထောက်မချင်တော့ အမှတ်မရှိတဲ့ ဒေါ်စိမ်းက အမေ့ရဲ့ အကူအညီတောင်းခံခြင်းကို ဆယ်မိနစ်အတွင်းမှာ ပင် ခေါင်းညိတ်လက်ခံခဲ့သည် ။ သိပ်ပြီးလွယ်ကူလွန်းနေတာကြောင့် နှင်းခါးခါးစိတ်ထဲ သံသယလေးတွေပင် စီးဝင်လာရသည် ။ အမေကတော့ ဒေါ်စိမ်းဘက်က လက်ခံလိုက်ခြင်းကိုပဲ ဝမ်းအသာကြီးသာကာ မျက်နှာပြင်တစ်ခုလုံး အပြုံးတွေနှင့် စီးမျောနေတော့၏။

"သမီးကြီးဆီက မမျှော်လင့်ချင်ပါဘူး မစိမ်းရယ်၊ ကိုယ်က မိဘမဟု

တ်လား၊ သားသမီးကောင်းစားတာ မြင်နေရရင်ပဲ ကျေနပ်နေတာပါ၊ ဒါပေမဲ့ အိမ်မှာ ကလည်း မစိမ်းသိတဲ့ အတိုင်းပဲလေ၊ တစ်ယောက်တည်းပါလာတဲ့ သားက အားမကိုးရတဲ့ အပြင် သူ့ဆေးကု သစရိတ်ထုတ်နေရတာပဲ ဘယ်လောက်ကုန်နေပြီလဲ၊ အငယ်မကလည်း ကျောင်းတစ်ဝက်နဲ့ ဆိုတော့ ဝင်ငွေမရှိဘဲ ထွက်ငွေကပဲ များ နေတာမို့ လား၊ အခုအချိန်မှာ မော့ကြည့်စရာဆိုလို့ သမီးကြီးဆီက သိတတ်မှုနဲ့ ပြန်ကျလာမယ့် ပိုက်ဆံလေးပဲလေ။ ဒါကြောင့် စိတ်မကောင်းဖြစ်မိရုံကလွဲပြီး မတတ်နိုင်ဘူးပေါ့ရှင်"

"ဟုတ်တာပေါ့ ဒေါ်နှင်းသက်မှုန်ရယ်၊ ရှင့်ရင်ထဲ ဘယ်လိုခံစားနေရမလဲဆိုတာ ကျွန်မလည်း မခင်တစ်ယောက်မို့ သိနေပါတယ်ရှင်၊ ကဲ ကဲ ကျွန်မတို့ အလုပ်ကိစ္စအကြောင်း ပြန်ပြောရအောင်၊ ဒေါ်နှင်းသက်မှုန်အခုယူမယ့်ငွေက "

"သိန်းနှစ်ဆယ်ပါ မစိမ်း"

"အင်း ..... ယူမယ့်ငွေက များ တာတော့များ တယ်၊ အရင်က ယူထားတာ ငါးသိန်းနဲ့ သုံးလစာအတိုးရယ် ပေါင်းလိုက်ရင် သုံးဆယ်နီးပါးလောက် ကပ်သွားမှာ ဆိုတော့ ကျွန်မအတွက် အာမခံလေး တစ်ခုခုတော့ ဒေါ်နှင်းသက်မှုန် ပေးထားမှ ဖြစ်မယ်နော်"

"ကျွန်မ .... အိမ်ဂရန်ပေးထားမှာ ပါ မစိမ်း"

"ဩော် .... အင်း ဒါဆို ဖြစ်ပါတယ်၊ စာချုပ်လေးပါ ချုပ်ထားကြတာပေါ့ ဒေါ်နှင်းသက်မှုန်၊ ညနေခြောက်နာရီလောက်ကျရင် အိမ်ကိုလာခဲ့လေ၊ ယောက်ျားပြန်လာတော့ အားလုံးအလုပ်လုပ်ကြတာပေါ့၊ ဒီနေ့လယ် ကျွန်မ ဘဏ်ကနေ ငွေသွားထုတ်ထားလိုက်မယ်"

"အေး ..... အေး ကျေးဇူးပါပဲ မစိမ်းရယ်၊ အခုလိုကူညီတဲ့ အတွက်

ကျေးဇူးအရမ်းတင်ပါတယ်"

"မလိုပါဘူး ဒေါ်နှင်းသက်မှုန်ရယ်၊ အဆင်ပြေလို့ ပိုက်ဆံရရင် ကျွန်မစေတနာကို ပြန်အောက်မေ့ပြီးသာ အရင်ဆပ်ဖို့ ကြိုးစားပါ"

"အမလေး .... အဲဒါတော့ စိတ်မပူနဲ့ ၊ မစိမ်းက ဦးစားပေးလူပဲ"

"အဟင်း ..... ဟင်း"

အမေ့ရယ်သံနှင့် ဒေါ်စိမ်းရဲ့ ရယ်သံက လှိုင်းထနေ၏။ နှင်းခါးခါးတစ်ယောက် သက်ပြင်းမောကြီးကိုသာ ကျိတ်ကျိတ်ပြီး ချနေမိသည် ။ အမေ့အကြောင်းတွေးမိတိုင်း ရင်အေးစရာတစ်စက်မှ မရှိဘူးမို့လား။ ဒေါ်စိမ်းက အမေ့ကို စေတနာနဲ့ ကူညီသလိုလိုနဲ့ သူ့ရဲ့ တရားမဝင်တဲ့ ငွေငါးသိန်းနဲ့ အတိုးတွေကိုပါ တစ်ပါတည်းပေါင်းပြီး ဘောင်နဲ့ ကျဉ်းနဲ့ ဝင်အောင် သွင်းသွားတာပါ။

အိမ်ဂရန်ယူပြီး အမေက အရောင်းအဝယ်စာချုပ်မှာ လက်မှတ်တစ်ခါတည်း ထိုးပေးထားရမှာ လေ။

အင်းလေ ဒါကလည်း ဒေါ်စိမ်းရဲ့ အပြစ်တော့ မဟုတ်ပါဘူး။ သူ့ငွေတွေ ဆုံးရှုံးရမှာ သူလည်း တတ်နိုင်သလောက် ကာကွယ်ရမှာ ပေါ့လေ။ အမေက ငွေချေးဌားတဲ့ သူဆိုတော့ ဒီလောက်တော့ ပြန်လုပ်ပေးရမှာ ပဲပေါ့။

"ကဲ ... နှင်းသက်မှုန် စိတ်အေးအေးထားပြီးသာပြန်တော့၊ ညနေကျရင် အိမ်ဂရန်စာရွက်တွေ အပြည့်အစုံယူပြီးတော့သာပြန်လာခဲ့၊ ငွေအဆင်သင့်လုပ်ပေးထားမယ်သိလား"

"ကောင်းပြီ မစိမ်း၊ ကဲ ဒါဆို ကျွန်မပြန်တော့မယ်နော်"

"အင်း "

အမေက ထိုင်ရာကနေထလိုက်တော့ နှင်းခါးခါးလည်း လိုက်ထလိုက်သည် ။

"ဩော် ... ဒေါ်နှင်းသက်မှုန် ညနေကျရင် သားနဲ့ သမီးကိုလည်း ခေါ်ခဲ့ဦးနော်၊ သက်သေနေရာမှာ လက်မှတ်ထိုးခိုင်းလို့ ရအောင်"

ဒေါ်စိမ်းစကားကြောင့် အမေ့မျက်လုံးကြီးတွေ နည်းနည်းတော့ ပြူးဝိုင်းသွား၏။ မမကြီးအတွက်နဲ့ ငွေလာချေးတာ ကိုကြီးနေခါးခါး လုံးဝမသိဘူးလေ။ အဲဒီလောက်ငွေတွေကိုသာ အမေယူတာသိရင် ခါးခါးသီးသီးကို ငြင်းပယ်ချတော့မှာ ပဲ။

လက်ခံမှာ မဟုတ်ချေ။ စိတ်မထင်လျှင် ပြဿနာပင် အကြီးအကျယ်တက်နိုင်သည် ။

လူကသာ ဘာမှ သုံးစားမရတာ သောင်းကျန်းဖို့ ဆိုရင်တော့ ရှေ့ဆုံးကနေ ကြဲတတ်တဲ့ ကိုကြီးနေခါးခါးပါ။

"မစိမ်း"

"ပြော ဒေါ်နှင်းသက်မှုန်"

"နေခါးခါးက ယောကျ်ားလေးဆိုတော့ ရှက်လို့ ခေါ်လို့ လိုက်ချင်မှ လိုက်မှာ ၊ နှင်းခါးခါးပါလာမှာ ပဲလေ၊ သူလည်း မိသားစုဝင်တစ်ယောက်ပဲဟာ သူ့ကိုထိုးခိုင်းလည်း ဖြစ်တယ်မဟုတ်လား မစိမ်း"

"အင်းလေ ..... နေခါးခါးက အဆင်မပြေနိုင်ဘူးဆိုတော့လည်း နှင်းခါးခါးတစ်ယောက်ပဲ အသိသက်သေနေရာမှာ လက်မှတ်ထိုးပေးပေ့ါ၊ ရပါတယ် ဒေါ်နှင်းသက်မှုန်"

ဒေါ်စိမ်းဘက်က အလျှော့ပေးသွားတော့မှ အမေ့မျက်နှာမှာ စိတ်ပူပန်မှုလေး ပြန်ပြီး ပျောက်ကွယ်သွားတော့သည် ။

ရင်မောလိုက်တာနော်။ အမေ့ကိုကြည့်ပြီးနှင်းခါးခါးတော့ ရင်တွေမောလိုက်တာ မပြောပါနဲ့ တော့။

ဒေါ်စိမ်းတိုက်ထဲကနေ သားအမိနှစ်ယောက် ထွက်လာခဲ့ကြပြီး လမ်းမပေါ်ရောက်တော့ နှင်းခါးခါးထံမှ စကားသံလေး ထွက်လာ၏။

"အမေ"

"ပြော"

"ယူတဲ့ ပိုက်ဆံက မများ ဘူးလား"

"မများ ဘူး နှင်းခါးခါး၊ အမေ သေချာတွက်ချက်ပြီးပြီ။ အဲဒီလောက်မှ ပဲ အဆင်ပြေမှာ ၊ ညည်းအစ်မအတွက် ရွှေက နှစ်ကျပ်သားဆိုတော့ ဆယ့်ငါးသိန်းလောက် ဖဲ့ပေးရမှာ ၊ နောက်ငါးသိန်းက မင်္ဂလာဆောင်နေ့ကျရင် ဝတ်စားဖို့ ပြင်ဆင်ဖို့ ဆိုတာက ရှိသေးတာလေ၊ အမေ့လက်ထဲ ငါးသိန်းလောက် မရှိရင် လောက်မှာ မဟုတ်ဘူး ၊ လူတောတိုးရမှာအေ့၊ သာမန်နဲ့ ဖြစ်မလား၊ ကောင်လေးရဲ့ အသိုင်းအဝိုင်းက ဒီလောက်တောင့်တင်းတာ သမီးကြီးမျက်နှာမငယ်အောင်တော့ ဝတ်စားပြင်ဆင်မှ သင့်တော်မယ်လေသမီးရဲ့ ၊ အမေစုံစမ်းပြီးပြီ ချိတ်ထဘီတစ်ထည်ဈေးက သိန်းဂဏန်းနားကပ်နေတာဆိုတော့ တင့်တယ်အောင်တော့ ဝယ်ဝတ်ရဦးမှာ ပေါ့အေ၊ ပြီးတော့ သမီးနဲ့ သားလည်း ဝယ်ပေးရဦးမယ်လေ"

"သမီးမဝယ်ပါဘူး၊ ပိုက်ဆံကုန်တယ်၊ အိမ်မှာ ရှိတဲ့ အဝတ်အစားနဲ့ပဲ သွားမယ်"

"ဟဲ့ ..... ဖြစ်မလား၊ နင့်မှာ ကောင်းကောင်း မွန်မွန်မပြောနဲ့ အသင့်အတင့်တောင်ရှိတာ မဟုတ်ဘူး ၊ မြူခါးခါးအကျတွေဝတ်နေပြီးတော့များ ၊ မဖြစ်သေးပါဘူးအေ တစ်စုံ

တော့ ဝယ်ဝတ်ပါ"

အမေပြောတာ အမှန်ပါပဲ။

နှင်းခါးခါးအတွက်ဆိုပြီး တသီးတသန့် ဝယ်ဝတ်တဲ့ အဝတ်အစားဆိုတာ တစ်ခါမှ ကို မရှိခဲ့တာပါ။ အမြဲတမ်း မမကြီးမြူခါးခါးရဲ့ အကျတွေသာ သူမဝတ်ခဲ့သည် ။ အမေကလည်း သမီးကြီးအတွက်ပဲ အမြဲတမ်းခေါင်းထဲထည့်ထားတတ်တာမို့လား။ အငယ်ဆုံး နှင်းခါးခါးဆိုတာ တစ်ခါတစ်ရံပင် အမေက မေ့မေ့နေတတ်သည် ။

အိမ်တစ်အိမ်မှာ အငယ်ဆုံးကိုသာ မိဘတွေက အချစ်အပိုဆုံးဟု ပြောကြ၏။ နှင်းခါးခါးတို့ အိမ်မှာ တော့ ပြောင်းပြန်ပါ။ အမေ့ကိုကြည့်လိုက်ရင် တစ်နေ့တစ်နေ့ သမီးကြီးပညာရေး၊ စားရေးသောက်ရေး၊ ဝတ်ရေးနဲ့ သားလတ်ရဲ့ ကျန်းမာရေး ၊ စားရေး သောက်ရေးသာ အဓိကဦးစားပေးနေခဲ့ရသည် ။

အငယ်ဆုံးဖြစ်တဲ့ နှင်းခါးခါးဆိုတာ ဘယ်ချောင်မှာ ကပ်နေမှန်းပင် မသိတော့ချေ။

တစ်ခါတစ်ရံ အမေ့အာရုံထဲ သားသမီးသုံးယောက်ရှိတာမှ သတိထားမိရဲ့ လားဟု တွေးမိသေး၏။ သမီးကြီးနဲ့ သားပဲ စိတ်ထဲစွဲနေတာဆိုတော့ သူမက အမေ့သမီးမှ ဟုတ်ပါရဲ့ လားဆိုသည့် သံသယအတွေးပင် ဝင်မိသည် ။

အမေ့ကို စိတ်ဆိုးချင်မိ၏။ သို့သော် နှင်းခါးခါး ချစ်သည် ။ ပြီးတော့ သနားသည် ။ အမေက အလိုက်တသိရှိသလောက် သမီးကြီးနဲ့ သားဆီက ဘာတုံ့ပြန်မှုမှ ပြန်မရတဲ့ အမေ့ကို နှင်းခါးခါးအရမ်းသနားတာပဲ လေ။

"အမေ"

"ဟင်"

"မမကြီးက တကယ်ပြန်ပေးပ့ါမလား"

"ဘာကိုလဲ"

"လက်ဖွဲ့ငွေကိုပါ"

"ပေးမှာ ပေ့ါဟယ် ... မပေးနိုင်ဘဲနဲ့ သူက အခုလို အမေ့ဆီက တောင်းဆိုပ့ါမလား၊ သူ့ဇာတ်သူနိုင်လို့ ကတာ နေမှာ ပေ့ါ၊ ပြီးတော့ သူ့ယောက္ခမတွေက သူ့ငွေးတွေပဲဟာ လက်ဖွဲ့ငွေလေးလောက်တော့ သူတို့ ရဲ့ အိမ်ထောင်ဦးအတွက် ပေးမှာ ပါပဲ"

အမေကတော့ ယုံကြည်လွန်းနေသည် ။ မမကြီး အခြေအနေမှန်ကို အမေမှ မသိတာ။ နှင်းခါးခါးကလည်း မပြောချင်ပါဘူး။ ပြောရင်လည်း အမေက ယုံမှာ မှ မဟုတ်တာ။ တော်ကြာနေ မဟုတ်မဟတ်သတင်တွေပြန့်ပြီး သူ့သမီးကြီး ဂုဏ်သိက္ခာကျရချည်ရဲ့ ဆိုပြီး သူမကိုပင် မုန်းစိတ်ဝင်ချေဦးမည်။ ညီအစ်မအချင်းချင်း သူစိမ်းစိတ်မွေးရမလားဟု အထင်လွဲလျှင် ခံရသည့်သူမလည်း အမေ့အပေါ် စိတ်ရိုင်းဝင်လျှင် ငရဲကြီးဦးမည်လေ။

အမေက အမေပဲ။ လုပ်ချင်တာလုပ်ခွင့်ရှိသည် ။ ဒီအိမ် ဒီခြံဆိုတာ အမေတို့ ရှာဖွေထားတာ။ သူမတို့ စိုက်ထုတ်ဝယ်ပေးထားတဲ့ ငွေ တစ်ပြားမှ မပါပေ။

"နှင်းခါးခါး"

"ရှင်"

"အခုကိစ္စ နေခါးခါး မသိစေနဲ့ နော်"

"ဘာကိုလဲ အမေ"

"မြူခါးခါးကို ငွေချေးပြီး ရွှေဝယ်ပေးလိုက်တဲ့ အကြောင်း သွားမတို့လိုက်နဲ့ လို့ ပြောတာ၊ တော်ကြာနေ ဟိုကောင်က ထပြီးပြဿနာရှာနေမှာ စိုးလို့ ၊ သူများ မင်္ဂလာယူခါနီး သင်းကြောင့် စိတ်ရှုပ်နေရတော့ ဘယ်ကောင်းမလဲ"

ဒါကျတော့ အမေက စိုးရိမ်သားပဲ။ ကိုကြီးနေခါးခါး သောင်းကျန်းမှာ တော့ ကြောက်သည် ။ အိမ်မှာ က အားလုံးဗိုလ်တွေချည်းပဲလေ။ နှင်းခါးခါးတစ်ယောက်သာ အစွန်အဖျား။

"ဟဲ့ .... ဘာငိုင်တိုင်တိုင်လုပ်နေတာလဲ၊ ငါပြောတာ ကြားရဲ့ လား နှင်းခါးခါး"

"ကြားပါတယ်"

"အေး .... သတင်းပေါက်လို့ ကတော့ ညည်းမလွယ်ဘူးနော်၊ ငါ့ကို ဒုက္ခမပေးနဲ့ အားလုံးအေးဆေးနေကြ"

လုပ်ပြီ။ ဘယ်သူက အမေ့ကို ဒုက္ခပေးနေလို့ လဲ။ အမေကတော့လေ စကားပြောလိုက်လျှင် အနှောင့်အသွားက ဘယ်တော့မှ မလွတ်ချေ။

နှင်းခါးခါးလောက် လွတ်အောင်နေတာ နှင်းခါးခါးပဲ။

ဒါတောင် အမေက ခလုတ်တိုက်ချင်နေသည် ။

*